## မြန်မာ့ဆန်စျေးနှုန်းမတည်ငြိမ်မှုနှင့် ဆင်းရဲနွမ်းပါးမှုလျော့ချရေး

By: Sergiy Zorya

မြန်မာနိုင်ငံသည် ဆင်းရဲနွမ်းပါးမှုနှုန်း ၃၇% ရှိသော ဂင်ငွေနိမ့်သည့် နိုင်ငံတစ်နိုင်ငံဖြစ်သည်။ မြန်မာ့ လယ်မှ အဓိက ရငွေ အရင်းအမြစ်ဖြစ်သော ဆန်သည် လူဦးရေ၏ ၅၀% ကျော်အတွက် အသက်မွေးလုပ်ငန်းဖြစ်သည်။ အဆိုပါ ၅၀% သည် သူတို့ဂင်ငွေ၏ ၆၀% ကျော်ကို အစားအသောက်အတွက် အသုံးပြုနေကြသည်။ အသုံးစရိတ်၏ ၂၅ မှ ၅၀% အထိသည် အဓိကအစားအစာဖြစ်သည့် ဆန်အတွက် ဖြစ်သည်။ ဆန်စျေး ခဏတဖြုတ်တက်လိုက်လျှင်ပင် အိမ်ထောင်စုများ ၏ အမှန် ဂင်ငွေလျော့ကျသွားသလို တခြားအာဟာရ ဖြစ်စေမည့် အစားအစာစရိတ်၊ ကျန်းမာရေးနှင့် ပညာရေးအသုံးစရိတ်လည်း လျော့ကျသွားမည်ဖြစ်သည်။

ကျေးလက်နေသူလူအများစုသည် ဆင်းရဲနွမ်းပါးမှုမျဉ်းနှင့် နီးကပ်စွာ နေထိုင်နေကြသည်။ လူအများအပြားသည် ဆန် စျေးနှုန်းများအတက်အကျ ရှိသည့်အခါတိုင်း ဆင်းရဲတွင်းသို့ ကျသွားနိုင်သည့် အန္တရာယ် အနေအထားမှာ ရှိနေသည်။ ဆန်စျေးနှုန်းမတည်ငြိမ်မှုသည် လူအများစုအပေါ် တိုက်ရိုက်အကျိုးသက်ရောက်စေသဖြင့် မြန်မာနိုင်ငံတွင် ဆင်းရဲမွဲတေမှု လျော့ချခြင်းအတွက် ၎င်းကိစ္စကိုင်တွယ်ရေးသည် အရေးပါသည်။

### အဓိက တွေ့ရှိချက်များ

- စျေးနှုန်းအတက်အကျရှိခြင်းသည် စိုက်ပျိုးရေးဆိုင်ရာ စျေးကွက်များတွင်ဖြစ်နေကျဖြစ်သည်။ သို့သော် မြန်မာနိုင်ငံ တွင် ဆန်စျေးနှုန်းမတည်ငြိမ်မှုသည် ကမ္ဘောဒီးယား၊ ဗီယက်နမ်နှင့် ထိုင်းတို့ကဲ့သို့ ဆန်အသားတင် တင်ပို့သော အိမ်နီးချင်းနိုင်ငံများမှာထက် ပို၍ ပြင်းထန်နေသည်။
- ၂၀၀၄ ခုနှစ်တွင် စီးပွားရေးကဏ္ဍချုပ်ကိုင်မှုများလျော့ချပေးခဲ့ခြင်းသည် ပြည်တွင်း ကုန်သွယ်မှု အတားအဆီးများ ကိုကွယ်ပျောက်သွားစေခဲ့ပြီး ပြည်တွင်းဆန် စျေးကွက်တွင်ဆုံးရှုံးနိုင်သည့် အလားအလာ နှင့် စျေးနှုန်း မတည်ငြိမ်မှုကို လျော့ကျစေခဲ့သည်။ (၂၀၀၀ ပြည့်လွန်နှစ်လယ် ကာလနှင့် နှိုင်းယှဉ်လျှင်) ပြီးခဲ့သော နှစ်များ အတွင်း မြန်မာ့ဆန်စျေးအတက်အကျ သိပ်မကြမ်းတော့သော်လည်း ဆက်လက်ကြမ်းနေဆဲပင် ဖြစ်သည်။
- စျေးနှုန်းမတည်ငြိမ်မှုအပြင် ဆန်စျေးများသည် ၂၀၀၉ ခုနှစ်နှင့် ၂၀၁၃ ခုနှစ် အတွင်း ၄၁% ကျော် မြင့်တက် ခ သည်။ ဤသည်မှာ ထိုင်းနှင့် ကမ္ဘောဒီးယားတို့ကဲ့သို့ အိမ်နီးချင်းနိုင်ငံများရှိ ဆန်တင်ပို့ နိုင်ငံများ၏ ဆန်စျေးထက် ပို၍ ကြီးသည်။
- နိုဂင်ဘာလ နှင့် ဒီဇင်ဘာလများမှာသာအဓိကအားဖြင့် စပါးကိုအလုံးအရင်းနှင့်ရိတ်သိမ်းခြင်းသည် ဆန်စျေးနှုန်း မတည်ငြိမ်မှု၏အဓိကအကြောင်းရင်းဖြစ်သည်။ စပါး ၇၀% နီးပါးကို မုတ်သုံရာသီ၏ ၂ လတာ ကာလအတွင်းမှာ သာ ရိတ်သိမ်းသည်။ အကျိုးဆက်အနေဖြင့် ဒီဇင်ဘာလမှ ဇန်နဂါရီလ အထိ စျေးနှုန်းများ ထိုးကျပြီး မေလနှင့် အောက်တိုဘာလကြားတွင် စျေးနှုန်းများ ထိုးတက်သည်။
- ရိတ်သိမ်းချိန် နှင့် ရင်သန်ကြီးထွားချိန် မတူညီသော ဆန်စပါးအမျိုးအစားကွဲများမရှိခြင်း နှင့် သင့်တော်သော ဆည်ရေပေးသွင်းခြင်းစနစ်မရှိခြင်းတို့ကြောင့် ခြောက်သွေ့သောရာသီတွင် အနည်းငယ်သာ ထုတ်လုပ်နိုင်သည်။
- မကောင်းသည့်လမ်းများ နှင့် တယ်လီဖုန်းအသုံးပြုနိုင်မှု နည်းပါးခြင်းတို့ကြောင့် ဆန်စျေးကွက်သည် အပိုင်းပိုင်း ဖြစ်နေပြီး အားနည်း နေသည်။ ဆန်ထုတ်လုပ်မှု၊ စားသုံးသည့်ပမာဏ၊ ကူးသန်းရောင်းဂယ်မှု နှင့် လှောင်ဆန် ပမာဏ နှင့် ပတ်သက်သည့် မတိကျသော သတင်းအချက်အလက်များ လည်းရှိသည်။ ထို ဒုတိယ အချက် များကြောင့် စျေးနှုန်းအနည်းငယ် ပြောင်းလဲသည့်အခါတိုင်း လယ်သမားများ၊ စက်ရုံပိုင်ရှင်များ၊ တင်ပို့ရောင်းချ သူများ နှင့် အစိုးရသည် မကြာခဏ လွန်လွန်ကဲကဲ တုံ့ပြန်ကြသည်။ ဤသည်မှာ စျေးနှုန်း မတည်ငြိမ်မှုကို ပို၍ပင်

နှိုးဆွပေးရာရောက်သည့်အပြင် ပုဂ္ဂလိက လှောင်ဆန် နည်းပါးလွန်းသောကြောင့် ဈေးနှုန်း အတက်အကျများ ကို ခုခံပေးရန် မတတ်နိုင်ပါ။

- နိုင်ငံခြားပို့ကုန်ဈေးကွက်များ၏ အမျိုးအစားနည်းပါးခြင်းကလည်း ဈေးနှုန်းမတည်ငြိမ်မှု၏ အကြောင်းရင်းခံဖြစ်သည်။ သမားရိုးကျဆန်အမယ်အများစုသည် မပြောင်းလဲသောဈေးနှုန်းများ ဖြင့် အာဖရိကသို့ ရောက်ရှိသည်။ အခြား တစ်ဖက်တွင်မူ တရုတ်သို့ တရားမဝင် နယ်စပ်ဖြတ်ကျော် တင်ပို့ခြင်းမှာ မခန့်မှန်းနိုင်လောက်အောင်ပင် မြင့်မားနေသည်။ မကြာသေးမီက တရုတ် နှင့် တရားမဝင်ကုန်သွယ်ခြင်းကိုပိတ်ပင်လိုက်ခြင်းသည် ထိုသို့အတပ်ပြောရခက်ခြင်း၏ ပြယုဂ်ပင်ဖြစ်သည်။

**အကြံပြုချက်များ**

- သာမန်ဈေးနှုန်းမတည်ငြိမ်မှု နှင့် ဒုက္ခပေးမည့်မတည်ငြိမ်မှုကို ခွဲခြားနိုင်စေရန် လက်ရှိအခြေအနေကို အကဲဖြတ်သော စစ်တမ်းကောင်းတစ်ခု လိုအပ်သည်။ ဆန်စိုက်ပျိုးထုတ်လုပ်မှု ၏ ရာသီအလိုက် သဘာဝနှင့် ကမ္ဘာ့ဆန်ဈေးကွက် ၏ မတည်ငြိမ်သော သဘာဝတို့ကြောင့် မတည်ငြိမ်မှုအချို့မှာ စိုက်ပျိုးရေး ဈေးကွက်များ တွင်ရှိကိုရှိနေမည်ဖြစ်သည်။
- မြန်မာနိုင်ငံတွင် ဈေးနှုန်းမတည်ငြိမ်မှုကို အတိုင်းအတာတစ်ခု အထိသာ လျှော့ချနိုင်သည်။ ယာယီ ဈေးနှုန်းတည်ငြိမ်ရေးကိုင်တွယ်မှုများ သုံးပြီး ဈေးနှုန်းမတည်ငြိမ်မှု လျှော့ချခြင်း နှင့် ဈေးနှုန်းယှဉ်ပြိုင်နိုင်စွမ်း ကိုထိန်းထားခြင်း တို့အကြားတွင် မျှခြေတစ်ခုရှိသည်ဟု နိုင်ငံတကာ အတွေ့အကြုံများ အရသိရသည်။ ၎င်းသည် ဆန်အများအပြားတင်ပို့ရောင်းချသူ မြန်မာနိုင်ငံ ဖြစ်လာစေရေးတွင် အခရာဖြစ်သည်။
- ယာယီဈေးနှုန်းတည်ငြိမ်ခြင်း ကိုင်တွယ်မှုများ (ဥပမာ - နိုင်ငံခြားပို့ကုန် ကန့်သတ်ချက်များ၊ အနိမ့်ဆုံး ဈေးနှုန်းများ နှင့် အစိုးရပိုင်အရန်ဆန်များ) တွင် မကြာခဏဆိုသလို ဆိုးရွားသော စီးပွားရေး အကျိုးတရားများရှိသဖြင့် ရှောင်ရှားသင့်သည်။
- ဈေးနှုန်းမတည်ငြိမ်မှုကို ရေရှည်လျှော့ချခြင်းတွင် စိုက်ပျိုးထုတ်လုပ်ခြင်းနှင့် ရိတ်သိမ်းခြင်းကို ဈေးကွက်နှစ်တစ်နှစ်လုံး ဖြန့်ကျက်လုပ်ရန်အတွက် လယ်လုပ်ငန်းလုပ်ထုံးလုပ်နည်းများတွင် အပြောင်းအလဲများ လိုအပ်သည်။ အကျိုးဆက်အနေဖြင့် လယ်သမားများ၏ ဆည်ရေပေးသွင်းခြင်းကို ပိုမိုကောင်းမွန်သော အသုံးချ နိုင်ခွင့်၊ ရိတ်သိမ်းချိန်များ နှင့် ရင့်သန်ကြီးထွားချိန်ကာလများ မတူညီသော မျိုးစေ့များ ရရှိနိုင်ခြင်း နှင့် စိုက်ပျိုး ထုတ်လုပ်ရေး နည်းပညာများနှင့် ပတ်သက်သည့် လယ်ယာအကြံပြုချက်များအပေါ်တွင် ၎င်းသည် မူတည်ပေမည်။
- ဆန်စက်ပိုင်ရှင်များနှင့် ကုန်သည်များအတွက် စီးပွားရေးစရိတ်စကနည်းပါးခြင်းနှင့် ပိုမိုကောင်းမွန် သည့်ငွေကြေးအထောက်အပံ့ရရှိနိုင်ခွင့်များသည်လည်းအထောက်အကူဖြစ်စေနိုင်သည်။ ၎င်းတို့သည် သိုလှောင်စရိတ်များကိုလျှော့ချပေးပြီး ပုဂ္ဂလိကလှောင်လက်များကို တိုးပွားလာစေခြင်းအားဖြင့် ဈေးနှုန်းအတက်အကျ သိမ်မွေ့စေမည်ဖြစ်သည်။ နိုင်ငံခြား တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုများအတွက် အခန်းကဏ္ဍ ဖွင့်ပေးခြင်းသည်လည်း အထောက်အကူပြုမည် ဖြစ်သည် ။
- ခေတ်မီဆန်စက်များသည် ပုဂ္ဂလိကလက်တွင်းလှောင်ထားသည့်ဆန် တိုးပွားလာစေရန်နှင့် စိုက်ပျိုးရေး အဆင့်အတန်းတွင် ကုန်ထုတ်စွမ်းအား နှင့် အရည်အသွေးတိုးတက်မှုကိုအစပျိုးပေးရန် ပိုမို ကူညီနိုင်သည့် အနေအထားမှာရှိသည်။
- ကျေးလက်ဒေသလမ်းများနှင့် ဆက်သွယ်ရေးလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံမှုများသည် သတင်းအချက် အလက်များကို ဈေးကွက်တစ်ခုမှ အခြားတစ်ခုသို့ ပို၍လျှင်မြန်စွာ ပေးပို့ နိုင်သောကြောင့် ဆန်ဈေးကွက် ပွင့်လင်းမြင်သာ မှုကို တိုးတက်စေမည်။

- စိုက်ပျိုးထုတ်လုပ်ခြင်း၊ စားသုံးပမာဏ၊ ပို့ကုန်နှင့် စျေးနှုန်းများနှင့် ပတ်သက်သည့် တိကျသော စျေးကွက်သတင်းအချက်အလက်များသည် ချင့်ချိန်စဉ်းစားဆုံးဖြတ်ရာမှာကူညီမည်ဖြစ်ပြီး စျေးကွက်၏ သဘောအထာ ကို ကျေညက်စွာဖြင့် စျေးနှုန်းများတည်ငြိမ်စေအောင်ကူညီပေးနိုင်မည်ဖြစ်သည်။
- ပထဂီနေရာအနေအထားအရရော အရည်အသွေးအရပါ စျေးကွက်သစ်များဆီသို့ တိုးချဲ့ တင်ပို့ခြင်းများသည် စျေးနှုန်းမတည်ငြိမ်မှုကို လျော့ကျစေရာတွင် အထောက်အကူ ဖြစ်စေမည်။ ထိုသို့ ဖြစ်စေရန်မှာ စဉ်ဆက်မပြတ် တံခါးဖွင့်ကုန်သွယ်မှုမူဂါဒ၊ ဆိပ်ကမ်းများနှင့် အခြေခံ အဆောက် အအုံများတွင် ရင်းနှီးမြှုပ်နှံမှုများနှင့် ကုန်ကျစရိတ်သက်သာသော ပို့ကုန်လုပ်ငန်းလုပ်ထုံးလုပ်နည်းများ ရှိလာရန်လိုအပ်မည်ဖြစ်သည်။